

# လက်တွေ့ အခွင့်အရေးများ

ဒေသခံတိုင်းရင်းသားများအတွက်

လွတ်လပ်သော ကြိုတင်အသိပေး တိုင်ပင်မှုနှင့် လူထုသဘောထားရယူမှု

(လွတ်၊ တိုင်၊ ရယူခြင်း လုပ်ငန်းစဉ်)

Promotion of Indigenous and Nature Together

Asia Indigenous Peoples Pact

(ကန့်သတ်)


အဲ့ဒီလူပြန်လာဦးမလား မသိဘူးနော်
သူတို့ကဆွေးနွေးဖို့တို့နဲ့တိုင်ပင်ဖို့ ပြန်လာချင်ပြန်လာမယ် ဒါမှမဟုတ်မလာတော့ဘူးဆိုရင်လဲတို့တွေအေးအေးချမ်းချမ်း နေလို့ရတာပေါ့။
ငါကအသက်ကြီးပြီ မင်းတို့သိတဲ့အတိုင်း ငါကတစ်သက်လုံးရှိနိုင်မှာမဟုတ်ဘူး
ငါမရှိတော့ရင်ဒီမြေကိုစောင့်ရှောက်ရမယ်။သူတို့ကဒီမြေကို ပြောင်းလဲအသုံးပြုဖို့ရောက်လာနိုင်တယ်။ ဒါပေမယ့်သူတို့ ပြောင့်ဘာတွေပျက်ဆီးသွားနိုင်တယ်ဆိုတာသူတို့သတိပြု မိမှာမဟုတ်ဘူး။
လူတိုင်းကတော့သစ်တောတွေကိုဖျက်ဆီးချင်မှာမဟုတ်ဘူး ငါတို့ကိုနားလည်တဲ့လူတွေဂရုစိုက်မယ့်လူတွေနဲ့ပဲ ဒီသစ်တောကိုမျှဝေ သုံးစွဲလို့ရမယ်။
မစိုးရိမ်ပါနဲ့ကျွန်တော်တို့တသက်လုံးဒီသစ်တော တွေကိုဂရုစိုက်ပါ့မယ်။ ဒါကကျွန်တော်တို့ရဲ့ အိမ်ပဲလေ။
အေးကောင်းလေစွ


ဟဲ့. . ဘယ်သူလဲ ရှင်ဘာလုပ်နေတာလဲ
မင်္ဂလာပါ ကျွန်တော့်ရဲ့ မှတ်တမ်းရုပ်ရှင် အတွက်အစ်မကိုဗွီဒီယိုရိုက်နေတာပါ
ဘာကြောင့်ကျုပ်တို့ကိုမှ ရိုက်ချင်ရတာလဲ ဘာအတွက်လဲ။
အစ်မတို့ကိုမထိခိုက်စေရပါဘူး။ အစ်မတို့ချည်ငင်နေတဲ့ပုံကိုရိုက်တာပါ။ အစ်မတို့ရဲ့ရိုးရာအဝတ်အစားက အရောင်အသွေးလှတယ်နော်။
သဘောထားကိုမမေးဘဲ ရိုက်ချင်တိုင်း ရိုက်လို့ရတာမဟုတ်ဘူး။


ကျွန်မဖြင့်လန့်သွားတာဘဲ
ကျွန်မကို ဗွီဒီယိုရိုက်တာမကြိုက်ဘူးရှင့်
လန့်သွားတယ်ဆိုရင်ဆောရီးပါနော်
အဲ ဒီလိုဖြစ်ပါစေလို့မရည်ရွယ်ပါဘူး
ကျွန်မတို့နားလည်ပါတယ်။ ဒါပေမဲ့ခွင့်ပြု
ချက်တော့ယူသင့်တာပေါ့ရှင်။
ဒီအဆင်လေးတွေမှာ ရှင်နားမလည်တဲ့ယဉ်ကျေးမှုအမွေ
အနှစ်ဆိုင်ရာ အဓိပ္ပါယ်တွေရှိတယ်
ကျွန်တော်နားလည်ချင်လိုက်တာဗျာ.
အစ်မတို့ရိုးရာအကြောင်းကို
သူများတွေကိုချပြခြင်လို့ပါ
ကျွန်မတို့မှာပြောပြနိုင်တာအများကြီးရှိတယ်
ဒါပေမဲ့သူများတွေကိုချပြခြင်တယ်ဆိုရင်တော့
ကျွန်မတို့နဲ့အရင်ဆုံးတိုင်ပင်သင့်တာပေါ့။
ဒေသခံတိုင်းရင်းသားတွေနဲ့ပတ်သတ်
ပြီးလွပ်လပ်သော ကြိုတင်အသိပေး
တိုင်ပင်မှု နှင့် သဘောထားရယူမှု
အကြောင်း (FPIC)ကိုရှင်သိရဲ့လား
ဟုတ်ကဲ့သိပါတယ် အဲဒီနည်းလမ်းအ
တိုင်းကျွန်တော်လိုက်နာသင့်ပါတယ်
ရှင့်ကိုခွင့်လွှတ်လိုက်ပြီး ရှင်အခုတော်
တော်လေးသတိထားမိပြီမဟုတ်လား


တွေ့တယ်မဟုတ်လား။ ဒါကြောင့်ကျွန်မတို့ကဒီသစ်ပင်ပေါ်ကအသီးတွေကိုမခူးတာဖြစ်တယ်ခုခေတ်အချိန်ထိဒီဓလေ့ကို ထိန်းသိမ်းခဲ့ကြတဲ့အတွက်ငှက်တွေပြန်လာစားသောက်နေကြတယ်
အဲ ဒီလိုပြောပြတဲ့အတွက်ဂုဏ်ယူဝမ်းသာမိပါတယ်. . .
အခုတော့ကျွန်တော်တို့လိုမျိုးသစ်တောရဲ့တန်ဖိုးခင်ဗျားသိပြီမဟုတ်လား ဒါကိုယဥ်ကျေးမှုအရပဲထိန်းသိမ်းတာမဟုတ်ဘူး။သစ်တောတဲ့ဇီဝမျိုးစိတ်ကိုလဲထိန်းတာဖြစ်တယ်
ဒါအကြံကောင်းဘဲဗျာ။ ခင်ဗျားတို့သဘောတူမယ်ဆိုရင် နောက်နှစ်လကြာရင် ကျွန်တော်ပြန်လာပြီးဒီရှားပါးသစ်ပင်နဲ့ ငှက်တွေအကြောင်းကိုမှတ်တမ်းဗွီဒီယိုရိုက်ချင်တယ်ဗျာ
ကျွန်မတော့အဲဒီစိတ်ကူးကိုသဘောကျတယ်။ ဒါပေမဲ့ကျွန်မတစ်ယောက်တည်းဆုံးဖြတ်လို့မရဘူး။ ကျေးရွာအစည်းအဝေးမှာဆွေးနွေးပြီးမှပြန်ပြောနိုင်မယ်. . .
သိပ်မှန်တာပေါ့ဗျာ. . ရပါတယ်။ ကျွန်တော်လည်းခင်ဗျားတို့နဲ့ပူးပေါင်းလုပ်ဆောင်ချင်ပါတယ်


ဟိုတစ်ခါကင်မရာနဲ့လာတဲ့ကောင်လေးကကျုပ်တို့ဒေသမှာရှိတဲ့ရှားပါးသစ်ပင်(၅)ပင်အကြောင်းအကျိုးပြုဇာတ်လမ်းရိုက်ချင်တယ်ပြောတယ်
ကျုပ်တို့အကြောင်းကိုဇာတ်လမ်းလုပ်ရိုက်မှာလားကျွန်မတော့သိပ်အဆင်မပြေဘူး . . .
ဟုတ်ပါတယ်ခင်ဗျားတို့သားအမိကို ခွင့်မတောင်းဘဲရိုက်မိလို့သူ့အမှားကိုသူသိသွားပါပြီ၊ အခုဟာကရှားပါးသစ်ပင်အကြောင်းရိုက်ချင်တာတဲ့ဗျာ။ ခင်ဗျားတို့ဘယ်လိုသဘောရလဲ . . .
အားလုံးကသဘောတူတယ်ဆိုရင်တော့ကျွန်မတို့လဲလက်ခံရမှာပေါ့
တကယ်လို့အကောင်အထည်ဖော်ဖြစ်ရင်ခင်ဗျားလဲတာဝန်ရှိတယ်။ ဒါပေမဲ့ ကျုပ်တို့အားလုံးနဲ့သက်ဆိုင်တာဖြစ်လို့အားလုံးသဘောတူဆုံးဖြတ်ကြဖို့လိုတယ်။
ဘာဘဲဖြစ်ဖြစ်ကျွန်တော်ကတော့မှတ်တမ်းရုပ်ရှင်ထွက်ပေါ်လာအောင်လုပ်ချင်တယ်



အကယ်၍ ဒီကမောင်ရင်လဲအဆင်ပြေ၊ မှတ်တမ်းရုပ်ရှင်ရိုက်ဖို့လဲ ခွင့်ပြုချက်ရရင် အားလုံးဝိုင်းလုပ်ကြတာပေါ့ရှင်
ဆုံးဖြတ်ချက်နဲ့ပတ်သတ်ပြီးအလျှင်စလိုလုပ်လို့မဖြစ်ဘူး ဒီမှတ်တမ်းရုပ်ရှင်ကကျုပ်တို့ကိုဘယ်လိုအကျိုးပြုစေမလဲဆိုတာကိုဆွေးနွေးရမယ်။ ကျုပ်တို့သိချင်တာသိသင့်တာတွေကိုများများမေးဖို့လိုအပ်လိမ့်မယ်
ဟုတ်ကဲ့ပါအားလုံးရဲ့မေးတဲ့မေးခွန်းတွေကို ကျွန်တော်မြို့တက်ပြီးအဲ့မေးလ်ပို့ပေးပါ့မယ်
အကယ်၍ရွာသားတွေကကောင်းတယ်လို့ထင်ရင် ကျုပ်တို့ကိုယ်စားမောင်ရင်ဘဲမေးပေးပါကွာ
မောင်ရင်လဲ ဒါကိုသိပ်ဖြစ်စေချင်တယ်ဆိုတာကို ကျုပ်တို့လဲသိပါတယ်။


ကြည့်စမ်းပါ အဘုလေးနိုပ်လိုက်တာနဲ့
သစ်ရွက်တွေကိုပိုပြီးရှင်းရှင်းလင်းလင်းမြင်နေရတယ်
ဝိုး. . .
ဟိုမှာ ငှက်တွေလာနေပြီး
သိပ်မိုက်တယ်ဗျာ ငါ့အထင်တော့ ဒီလိုငှက်မျိုးကို
ဘယ်သူမှမှတ်တမ်းတင်ထားလိမ့်မယ်မထင်ဘူး



သားတို့ဒီနေ့ရိုက်တာအဆင်ပြေရဲ့လား
သိပ်အဆင်ပြေတယ် ဒီနေ့တော့ငှက်တွေရဲ့လှုပ်ရှားမှုကိုကောင်းကောင်းရိုက်နိုင်ခဲ့တယ်
ဒီမှတ်တမ်းရုပ်ရှင်နဲ့ပြိုင်ပွဲဝင်မယ်လို့သားပြောထားတယ်နော်. . အမေတို့ကိုရောအဲဒီအခွေလေးပေးထားလို့မရဘူးလား
သိပ်ရတာပေါ့ဗျာ. . အားလုံးသဘောတူစာချုပ်ထဲမှာရေးထားတာဘဲလေ။ ဒါကိုအမေတို့ကပိုင်တာပါ. . ကျွန်တော်ကဒီအကြောင်းအရာတွေကိုတင်ပြသူသက်သက်ပါ
ကောင်းလိုက်တာ. . .။ အားလုံးကြည့်ခွင့်ရဖို့မျှော်လင့်နေမယ်နော်


ခင်ဗျားတို့ကိုအနှောက်အယှက်ပေးမိပြန်ပြီ။ ကျွန်တော့ သူဌေးကနောက်တစ်ခေါက်ထပ်လာခိုင်းပြန်ပြီ။ ဒီဒေသကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ချင်နေတုန်းဘဲ. .
နှစ်ဦးနှစ်ဖက်အဆင်ပြေမဲ့တစ်ခုခုကိုကျွန်တော်တို့ရှာတွေ့နိုင်မယ်ထင်ပါတယ်။ ဥပမာ သဘာဝပတ်ဝန်းကျင်လေ့လာရေးဆိုင်ရာခရီးသွားလုပ်ငန်းမျိုးပေ့ါ။ ခင်ဗျားတို့ဆီမှာရိုးရာဓလေ့ထုံးစံ ဗဟုသုတတွေရှိတယ်မဟုတ်လား
သိပ်ရှိတာပေါ့ အခုတောင်ကျုပ်တို့သစ်တောသစ်ပင်တွေကိုဘယ်လိုထိန်းသလဲဆိုတာမှတ်တမ်းရုပ်ရှင်ရိုက်နေတယ်
အခုတော့ကျုပ်တို့ရဲ့လွပ်လပ်သောကြိုတင်အသိပေးတိုင်ပင်မှုနဲ့ လူထုသဘောထားရယူမှု(FPIC)တွေကိုခင်ဗျားတောင်းဆိုနေပြီမဟုတ်လား။ အခုတော့ကုလသမဂ္ဂကရဲ့ဌာနေတိုင်းရင်းသားများ လူမျိုးများအခွင့်အရေးဆိုင်ရာကြေညာစာတမ်းကိုခင်ဗျားနားလည်ပြီမဟုတ်လား
အကယ်၍ ဒီမြေနဲ့ဆိုင်တဲ့ကျုပ်တို့ရဲ့အခွင့်အရေးသစ်တောနဲ့ကျုပ်တို့ရဲ့ပတ်သတ်မှုတွေကိုခင်ဗျားလေးစားတတ်ပြီးဆိုရင် ကျုပ်တို့ဆွေးနွေးလို့ရပြီ
ဒါဆိုရင်စလိုက်ရအောင်. . . . ဘယ်ကစပြောမလဲ

## လွတ်လပ်သော ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူမှုဆိုင်ရာ နောက်ဆက်တွဲအချက်အလက်များ

ကုလသမဂ္ဂ၏ဌာနေတိုင်းရင်းသားများဆိုင်ရာ အခွင့်အရေး ကြေညာစာတမ်း (UNDRIP) တွင်လွတ်လပ်စွာ ကြိုတင်တိုင်ပင်မှု နှင့် လူထုသဘောထားခံယူမှုနှင့် သက် ဆိုင်သော အချက်များပါဝင်ပါသည်။ ဒေသခံတိုင်းရင်းသားတို့၏ အခွင့်အရေးများ ကိုလေးစားခြင်း နှင့်အသိမှတ်ပြုခြင်းကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး၏ ကိရိယာတစ်ခု အဖြစ် လက်တွေ့ လက်ခံ ကျင့်သုံးကြစေရန် ရည်ရွယ်ပြီး ပြဋ္ဌာန်းခြင်း ဖြစ်သည်။

အပိုဒ်(၁၀) ဌာနေတိုင်းရင်းသား လူမျိုးများအား သူတို့ပိုင်ဆိုင်သော နယ်မြေများမှ အတင်းအဓမ္မပြောင်းရွှေ့စေခြင်း မရှိစေရ၊ ကြိုတင်အသိပေးအကြောင်းကြားခြင်း၊ လူမျိုးများ၏သဘောထားအမှန်ပါရှိခြင်း၊ ထိုက်သင့်သောလျော်ကြေးပေးဆောင်ခြင်းနှင့် ပြန်လည်အခြေချနေထိုင်ခွင့် သဘောတူညီချက်များမရှိဘဲ မည်ကဲ့သို့ အတင်းအဓမ္မနေရာပြောင်းရွှေ့စေခြင်းများမရှိစေရ။

အပိုဒ်(၁၁) ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိရိုးရာအစဉ်အလာယဉ်ကျေးမှု နှင့် ထုံးတမ်းအစဉ်အလာများကိုလွပ်လပ်စွာကျင့်သုံးပိုင်ခွင့်ရှိသည်။ ဤ အပိုဒ်တွင် ဌာနေတိုင်းရင်းသား လူမျိုးများ၏ စာပေ၊ ရိုးရာယဉ်ကျေးမှုများ နှင့် သမိုင်းဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခွင့် တို့ ပါဝင်သည်။

အပိုဒ်(၁၉) နိုင်ငံများအနေဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် သက်ဆိုင်သောဆုံးဖြတ်ချက်တစ်စုံတစ်ရာ မချမှတ်မီဌာနေတိုင်းရင်းသားလူမျိုးများအား ကိုယ်စားပြုသောအဖွဲ့အစည်း (သို့) ကိုယ်စားလှယ်များနှင့် အသိပေးညှိနှိုင်း တိုင်ပင်မှုများ ပြုလုပ်၍ ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို မထိခိုက်စေ ရန် အထူးဂရုပြုလုပ်ဆောင်ပေးရမည်။

အပိုဒ်(၂၈) အဓမ္မသိမ်းဆည်းခံရသော၊ ယူဆောင်ခြင်းခံရသော၊ လွတ်၊ တိုင်၊ ရယူခြင်းဖြစ်စဉ် (FPIC) မပါဘဲအသုံးပြုသော၊ ဖျက်ဆီးသော ဒေသခံတိုင်း ရင်းသားတို့ ၏မြေယာ၊ ပိုင်ဆိုင်မှုနှင့် အရင်းအမြစ် များကို ပြန်လည်တောင်းဆို နိုင်ရန် ဒေသခံတိုင်းရင်းသားတို့တွင် အခွင့်အရေးရှိသည်။

အပိုဒ်(၂၉) ဒေသခံတိုင်းရင်းသားတို့၏ မြေပေါ်တွင် အန္တရာယ်ဖြစ်စေနိုင်သော မည်သည့်ပစ္စည်းကို မဆို လွတ်၊ တိုင်၊ ရယူခြင်းဖြစ်စဉ် (FPIC) မပါဘဲ သိမ်းဆည်းသိုလှောင်ခြင်း (သို့) ဖြန့်ဖြူးခြင်း လုံးဝမပြုရ။

အပိုဒ်(၃၂) ဒေသခံတိုင်းရင်းသားတို့၏ မြေယာများ၊ ပိုင်ဆိုင်မှုများနှင့် အရင်းမြစ်များကို ထိခိုက်စေနိုင်သည့် အထူးသဖြင့်မြေအောက်သံယံဇာတများ ထုတ်ယူခြင်း၊ ရေနှင့်အခြားအရင်းမြစ်များကို အသုံးပြုခြင်းကဲ့သို့သောစီမံကိန်းများမပြုမှီ လွတ်၊ တိုင်၊ ရယူခြင်းဖြစ်စဉ် (FPIC) ကို ခွင့်ပြုချက် တစ်ခု အနေဖြင့် လက်ခံနိုင်ရမည်။

### လွတ်လပ်သော ကြိုတင်အသိပေးတိုင်ပင်မှုနှင့် သဘောထားရယူမှု (လွတ်၊ တိုင်၊ ရယူ) ခြင်းဖြစ်စဉ်

လွတ်၊ တိုင်၊ ခံယူခြင်း သည်ယန္တရားတစ်ခု၊ လုပ်ငန်းတစ်ခုဖြစ်သည်။ ဒေသခံတိုင်းရင်းသားများ အနေဖြင့် မိမိတို့ကို ထိခိုက်စေနိုင်သော ကိစ္စရပ်များကို ဆွေးနွေးပြီး စုပေါင်းဆုံးဖြတ်နိုင်ရန်အသုံးပြုသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ မိမိတို့၏မြေယာ၊ ပိုင်ဆိုင်မှုများနှင့် အရင်းအမြစ်များဆိုင်ရာအခွင့်အရေး၊ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်၊ ယဉ်ကျေးမှုဆိုင်ရာ ပြဋ္ဌာန်းခွင့် အခွင့်အရေးရရှိရန် အသုံးပြုသောလုပ်ငန်း တစ်ခု ဖြစ်သည်။

လွတ်၊တိုင်၊ရယူခြင်းသည်ထပ်ခါထပ်ခါပြုလုပ်ရသောလုပ်ငန်းတစ်ခုဖြစ်ပြီးဒေသခံတိုင်းရင်းသားများ၏အခွင့်အရေးကိုထိခိုက်စေနိုင်သော လုပ်ငန်း ကိစ္စရပ်များ အတွက် ဆုံးဖြတ်ချက်များချမှတ်ခြင်းလုပ်ငန်းတွင်အပြန်အလှန်လေးစားမှု နှင့်ပူးပေါင်းပါဝင်မှုများရှိစေရန်အစဉ်စောင့်ကြည့်ပြုလုပ်ရသော ဖြစ်စဉ် တစ်ခုလည်းဖြစ်သည်။ ထိုသို့ လွတ်၊ တိုင်၊ ရယူခြင်းပြုလုပ်နိုင်ရန်အတွက် ဒေသခံတိုင်းရင်းသားများအကြားတွင် ကြိမ်ပေါင်းများစွာ တိုင်ပင် ဆွေးနွေးခြင်း၊ အပြန်အလှန် စကားပြောခြင်း၊ နှီးနှောဖလှယ်ပွဲများ ကျင်းပခြင်း၊ ပူးပေါင်းလုပ်ဆောင်ခြင်းရှိရမည်ဖြစ်ပြီး ၎င်းတို့၏သဘောထားခံယူမှုများနှင့် သဘောတူညီမှုများသည်လည်း စီမံကိန်းစတင်အကောင်ထည်ဖော်သည့် အစီအစဉ်ချမှတ်ခြင်း၊ အကောင်အထည်းဖော်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း ဖြစ်စဉ်တ လျှောက်တွင် ထည့်သွင်းစဉ်းစားခြင်းများပြုလုပ်ပေးမည်ဖြစ်သည်။ ထို့ကြောင့် လွတ်၊ တိုင်၊ ခံယူခြင်းသည် ဒေသခံတိုင်းရင်းသားများကို ထိခိုက်စေနိုင်သည့်စီမံကိန်းများ အကောင်အထည်ဖော်သည့်လုပ်ငန်းများ အားလုံးတွင် ပြည့်ဝပြီး ထိရောက်သောပူးပေါင်းပါဝင်မှုများကို သေချာစွာပြုလုပ်ထားခြင်း လည်းဖြစ်ပါသည်။

### လွတ်၊ တိုင်၊ ရယူခြင်းလုပ်ငန်းတွင် ဒေသခံတိုင်းရင်းသားများအတွက် သတိထားရမည့်အချက်များ

- ဒေသခံတိုင်းရင်းသားများ၏လူမှုဘဝကိုထိခိုက်စေနိုင်သော မူဝါဒပေါ်လစီများ၊ အစီအစဉ်(သို့)စီမံကိန်းများနှင့် ပတ်သက်သောအချက်အလက်များကို ဖော်ပြရာတွင် ဒေသခံတိုင်းရင်းသားများနားလည်နိုင်သော ဘာသာစကား၊ သင်္ကေတများ ဖြင့်ဖော်ပြသင့်သည်။
- ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ရာတွင်လည်း ဒေသ၏ရိုးရာဆုံးဖြတ်ချက်ချမှတ်ခြင်းအစဉ်အလာအတိုင်းလိုက်နာဆောင်ရွက်ရမည်။
- အတွင်းရေးနှင့် စုပေါင်းဆုံးဖြတ်ချက်များချမှတ်နိုင်ရန်အတွက် ဒေသခံတိုင်းရင်းသားများကို လွတ်လပ်မှု၊ အချိန်၊ နေရာလုံလောက်စွာပေးရမည်။

- ဒေသခံတိုင်းရင်းသားများ၏သဘောတူခြင်း၊ သဘောမတူခြင်း၊ သဘောတူနိုင်ရန်အချိန်ယူစဉ်းစားခြင်းတို့ကိုအသိအမှတ်ပြုရမည်။အဆိုပါဆုံးဖြတ်ချက်များကိုလည်း သင့်တော်တိကျစွာ မှတ်တမ်းတင်ထားရမည်။
- သဘောတူသည့် ဆုံးဖြတ်ချက်များ ထွက်ပေါ်လာရန်အလို့ငှာ ခြိမ်းခြောက်ခြင်း၊ နောက်ကွယ်မှ ကြိုးကိုင်ခြင်းနှင့်သတင်းအချက်အလက်အမှားများပေးခြင်းတို့ကို မသင့်တော်သည့် အပြုအမူဟုသတ်မှတ်ရမည်။
- ကျားမရှုထောင့်ကိုထည့်သွင်းစဉ်းစားခြင်းနှင့် ဒေသခံတိုင်းရင်းသားအမျိုးသမီးများ၏ ပါဝင်မှုသည် မဖြစ်မနေအရေးကြီးပါသည်။ထိုနည်းတူ ကလေးသူငယ်များနှင့် လူငယ်တို့၏ပါဝင်မှုသည်လည်းအရေးကြီးပါသည်။

**This Publication is supported by:**

IWGIA - International Work Group for indigenous Affairs
Norad - Norwegian Agency for Development and Corporation
Danida - Danish International Development Agency
SDC - Swiss Agency for Development and Corporation
SIDA - Swedish International Development Corporation Agency
AIPP - Asia Indigenous Peoples Pact
RFN - Rainforest Foundation Norway

The contents of this comic book may be reproduced and distributed for non-commercial purposes if prior notice is given to the copyright holders and the source and authors are duly acknowledged.

**Production : Digital Mixes**

**Editors**: Alex Boyesen and Cobi Smith
**Writers** : Prabin Shakya, Allan T Nash
Joan Carling

**Illustration and layout:**
Tanaisawan Wannothai
Jatuporn Kawsamare
Somkid Jaisea

**Printed by AIPP Printing Press Co., Ltd. in Chiang Mai, Thailand**

European Union

**The printing press has been established with support from the European Union's European Instrument for Democracy and Human Rights**

Printing for Indigenous Human Rights
Defenders and a Clean Environment

**www.aipprinting.com**

## AIPP at a glance

The Asia Indigenous Peoples Pact (AIPP) is a regional organization founded in 1988 by indigenous peoples' movements. It is strengthening the solidarity, cooperation and empowerment of indigenous peoples in Asia in promoting, asserting and defending indigenous peoples' rights and human rights, sustainable development and environment protection. AIPP has 47 members from 14 countries in Asia including national alliances, women, youth and grassroots organizations. It has a strong governance structure that is accountable to its members.

Indigenous peoples in Asia are fully exercising their rights, distinct cultures and identities, are living with dignity, and enhancing their sustainable management systems on lands, territories and resources for their own future and development in an environment of peace, justice and equality.

### Our Mission:

AIPP strengthens the solidarity, cooperation and capacities of indigenous peoples in Asia to promote and protect their rights, cultures and identities, and their sustainable resource management systems for their development and self-determination.

### Our Goals:

To empower Indigenous peoples in Asia to promote and defend their human rights and fundamental freedoms and claim legal recognition to their identities, collective rights under UNDRIP and other international human rights instruments.

To build the broadest solidarity and cooperation of indigenous peoples in Asia to strengthen indigenous movements.

To promote and protect the integrity of the environment and enhance the sustainable resource management systems of indigenous peoples including their traditional knowledge, food security and biodiversity by having full control over their land, territories and resources.

To attain full and effective participation of indigenous peoples, particularly indigenous women and youth at all levels of decision-making.

To strengthen solidarity and cooperation with other social movements towards achieving equality, peace, democracy and justice.

**AIPP Programmes:** • Human rights• Regional Capacity Building• Environment• Indigenous Women• Research and Communication Development • Indigenous Youth

AIPP is accredited as an NGO in special consultative status with the UN Economic and Social Council (ECOSOC) and as observer organization of the United Nations Framework Convention on Climate Change (UNFCCC) the Convention on Biological Diversity and the World Intellectual Property Organization (WIPO)

**AIPP Websites: www.aippnet.org, www.ccmin.aippnet.org, www.iphrdefenders.net**



ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းလုပ်နိုင်ဖို့ ဒီစာချုပ်မှာ ခင်ဗျားတို့လက်မှတ်ထိုးပေးပါ
အဲဒီစာချုပ်မှာ ရေးထားတာတွေက မြန်မာလိုလည်း မဟုတ်ဘူး။ ကျုပ်တို့ရဲ့သဘောထား ဘယ်လို ရှိမလဲဆိုတာ လည်း ခင်ဗျားတို့မပေးဘူး
ကျုပ်တို့မှာ ခွင့်ပြုချက်ပါမစ် ရထားပြီးပြီ။ အကောင်းဆုံးက ကျုပ်တို့ ပြောသလိုသာ လုပ်စမ်းပါ
ကျုပ်တို့ဘက်ကဘာပြန်ပြောမလဲဆိုတာကို ခင်ဗျားလည်းနားထောင်သင့်တယ်။ကျုပ်တို့အခွင့်အရေးကိုကျုပ်တို့သိတယ်နော်


ရှင်တို့ရဲ့အပြုအမူတွေကို ကျွန်မတို့ လုံးဝသည်းမခံနိုင်ဘူးနော်. . . ကျွန်မတို့က ဒီမှာဘိုးစဉ်ဘောင်ဆက်နေခဲ့တာ
ဒီသစ်တောတွေကိုကျွန်မတို့ထိန်းသိမ်းစောင့်ရှောက်ခဲ့တယ်။ သစ်တောကကျွန်မတို့ကိုနေစရာအရိပ်၊ စားစရာတွေပေးတယ်။ ကျွန်မတို့ကိုယ်ပိုင်ဘာသာစကားရှိတယ် ဒေသခံဌာနေတိုင်းရင်းသားအခွင့်အရေးကျွန်မတို့မှာရှိတယ်
ကျွန်မတို့ဌာနေတိုင်းရင်းသား တွေကိုရှင်တို့လေးစားသင့်တယ်
ဒါပေမဲ့ကျွန်တော်တို့ကခွင့်ပြုချက် ပါမစ်ကိုရထားတာလေ
ဘယ်သူက အဲဒီခွင့်ပြုချက်ပါမစ်ရှင်ကို ပေးတာလဲ
ကျွန်မတို့ရဲ့ခွင့်ပြုချက်လဲရှင်တို့လိုအပ်တယ်ဆိုတာမသိဘူးလား ကမ္ဘာ့ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသားများ လူမျိုးများအခွင့်ရေးဆိုင်ရာ ကြေငြာစာတမ်းပါ အချက်အလက်တွေကိုမသိဘူးလား
ဒီမြေနဲ့မြေပေါ်မြေအောက်အရာအားလုံးနဲ့ ပတ်သတ်ပြီး ကျုပ်တို့မှာအခွင့်အရေးရှိတယ်။ ကျုပ်တို့သစ်တောကိုဘယ်လိုထိန်းသိမ်းစီမံရမလဲ ဆိုတာကိုကျုပ်တို့ကိုယ်တိုင်ဘဲဆုံးဖြတ်မယ်
ဒီမြေမှာစိုက်ပျိုးရေးလုပ်ငန်းလုပ်ဖို့ ကျုပ်တို့သဘောမတူနိုင်ဘူး။ အေးအေးဆေးဆေးပြန်လိုက်ပါ။


လေးလခန့်ကြာပြီးနောက်
အရင်တစ်ခေါက်လာသွားတဲ့ ကျွန်တော့်ရဲ့ လုပ်ဖော်ဆောင်ဖက်အတွက်တောင်းပန်ပါတယ်ဗျာ သူ့အပြုအမူကတော်တော့်ကိုဆိုးတယ်
ခင်ဗျားတို့ရွာသားတွေအတွက်လက်ဆောင်ပေးပါရစေ
ကျုပ်တို့တွေအဆင်ပြေဖို့မျှော်လင့်ပါတယ်ဗျာ
ခင်ဗျားရဲ့ငွေတွေကကျုပ်တို့ရဲ့သစ်တောလောက်တန်ဖိုးမရှိပါဘူး။ ကျုပ်တို့ကိုလာဘ်ထိုးပြီးလာစော်ကားနေတာလား။ ခင်ဗျားအမှန်တကယ်လိုချင်တာဘာလဲပြောစမ်းပါ


ဒီနေရာမှာကျွန်တော်တို့စိုက်ပျိုးရေးလုပ်ချင်တယ်
ရွာသားတွေအတွက်လဲအလုပ်အကိုင်တွေရလာမှာပါ။ ရွာအတွက်စာသင်ကျောင်း၊ လျှပ်စစ်မီးတွေရအောင်လုပ်ပေးဖို့ရှိတယ်။ ဒီမှာအသေးစိတ်ကြည့်ကြည့်
ကျုပ်တို့မြေကြီးတွေကခင်ဗျားတို့ဆီအုန်းကရမယ့်အမြတ်တွေထက်ပိုတန်ဖိုးရှိတယ်။ ခင်ဗျားတို့လုပ်ပုံကကျုပ်တို့ရဲ့သစ်တောကိုနည်းနည်းလေးမှလေးစားမှုမရှိသလိုဘဲ။ စာသင်ကျောင်းတွေလျှပ်စစ်တွေကိုလာဘ်ထိုးတဲ့သဘောမျိုးနဲ့မဆွဲဆောင်သင့်ဘူး။
ဟုတ်ပါတယ်ဗျာကျွန်တော်ဖုန်းတစ်ချက်ဆက်လိုက်ဦးမယ်. . .
သူဌေးသူတို့ကဘာဘဲပြောပြောလက်မခံကြဘူး. . သူတို့ကအသေးစိတ်သိခြင်နေကြတယ်
ကောင်းပြီ ကျွန်တော်တို့ဘယ်လိုစလုပ်ကြရင်ကောင်းမလဲ. . .
ခင်ဗျားတို့လိုပြင်ပကလူတွေနဲ့အလုပ်လုပ်ဖို့ဆိုရင်ကျုပ်တို့မှာနည်းလမ်းရှိပါတယ်။လွတ်လပ်သော (FPIC)ကြိုတင်အသိပေးတိုင်ပင်မှုနှင့် သဘောထားရယူမှုရှိရမယ်။ ဆိုတဲ့အချက်ဘဲ။
ဒီမြေရဲ့ပိုင်ရှင်ဖြစ်တဲ့ ကျွန်မတို့ရဲ့ဘဝတွေကို ပြောင်းလဲသွားစေနိုင်တဲ့ရှင်တို့ရဲ့လုပ်ငန်းအစီအစဉ်အားလုံးကိုသိချင်တယ်။ ခြိမ်းခြောက်တာတို့လာဘ်ထိုးတာတို့ လာမလုပ်နဲ့ အစကတည်းကကျွန်မတို့ကိုပါဝင်ခွင့်ပေးရမယ်။ ကျွန်မတို့မေးတဲ့သတင်းအချက်အလက်တွေအားလုံးကို ရှင်တို့ဖြေရမယ်။


ပြီးမှ ဘာလုပ်သင့်သလဲဆိုတာကို လူကြီးလူငယ် ယောက်ျား၊ မိန်းမ အားလုံး သဘောတူ ဆုံးဖြတ်ကြမယ်။
ကျုပ်တို့နေထိုင်ရှင်သန်လိုတဲ့ပုံစံကို ခင်ဗျားတို့လေးစားရမယ်
ခင်ဗျားတို့ခစားနေရတဲ့အစိုးရမပေါ်ခင်ကတည်းက ကျုပ်တို့ ဒီမြေပေါ်မှာနေလာတာကွ
ဟုတ်တယ် ဒီတောထဲမှာဘာအပင်ဘာအကောင်တွေရှိတယ် ဆိုတာကို အစိုးရတွေထက်ကျုပ်တို့ပိုသိတယ် လွယ်လွယ်လေးလာယူလို့မရဘူးမှတ်ပါ။
ဟုတ်ပြီနော်. . ခင်ဗျားတို့ရဲ့လုပ်ငန်းအစီအစဉ်တွေကို ကျုပ်တို့ဆွေးနွေးဆုံးဖြတ်မယ်။ တကယ်လို့သဘောမတူ ဘူးလို့ ဆုံးဖြတ်ရင်လဲခင်ဗျားတို့ လေးစားလက်ခံရမယ်နော်
ကျွန်တော်နားလည်ပါပြီဗျာ. . .


ခင်ဗျားတို့လုပ်ငန်းရဲ့သတင်းအချက်အလက်တွေက ကျုပ်တို့နားလည်နိုင်တဲ့ပုံစံမျိုးဖြစ်ရမယ်
နောက်တစ်ခါလာရင်ဘာသာပြန်ခေါ်ခဲ့ပါ။ ဒီဟာကကျုပ်တို့ရဲ့ဘာသာစကားမဟုတ်ဘူး။
ဒီစီမံကိန်းကိုကျုပ်တို့မပါဘဲ ခင်ဗျားတို့စီစဉ်ထားတာပါ ဘာစီမံကိန်းဘဲဖြစ်ဖြစ် အစမပြုခင်ကတည်းက ကျုပ်တို့ကိုထည့်သွင်းစဉ်းစားရမယ်. . .
ဒီစီမံကိန်းကဘယ်အချိန်ပြီးမယ်ဆိုတာကိုလည်း မပြောထားဘူး
သစ်တောသစ်ပင်တွေထဲကသက်ရှိတွေရဲ့ဘဝကိုခင်ဗျားတို့လေ့လာသင်ယူသင့်တယ် ဆီအုန်းပင်တွေစိုက်လိုက်တာနဲ့ သစ်တောထဲကအသီးအပွင့်တွေကဘာတွေဖြစ်သွားတော့မလဲ. . . .


အသီးတွေကိုစားတဲ့ ငှက်တွေရဲ့ဘဝဘာဖြစ်သွားမလဲ
လေးစားမှုကအရမ်းကို အရေးကြီးပါတယ်
ကျွန်မတို့ကသစ်တောကိုလည်းလေးစားတယ်ကမ္ဘာကိုလည်းလေးစားတယ် အချင်းချင်းကိုလည်းလေးစားတယ်။ ခင်ဗျားတို့လည်းအဲ ဒီလိုလုပ်ရမှာပေါ့။
စားစရာတွေစားလိုက်ပါဦး ပြီးမှ နောက်နေ့ထပ်လာပေါ့. . .
မပြန်ခင်စားသွားပါဦးကွယ်. .
ကျေးဇူးတင်ပါတယ်